KHRG ကရင်လူ့အခွင့်အရေးအဖွဲ့

ကျေးလက်နေပြည်သူများ၏ အသံများကိုမှတ်တမ်းပြုစုခြင်း

**နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ**

၂၀၂၀ ခုနှစ်၊ မေလ ၁ရက်/KHRG စာအမှတ်-19-70-S1

---

# ဘားအံခရိုင် နောက်ဆုံးရဒေသတွင်းအစီရင်ခံစာ: တနေးချားမြို့နယ်နှင့် တာကရဲ့မြို့နယ်ရှိ လက်နက်ကိုင်အဖွဲ့ ဦးစီးဖွင့်လှစ်သော လောင်းကစား လုပ်ငန်းများကြောင့် ကျေးရွာဒေသတွင်း လူမှုရေးပြဿနာများဖြစ်ပေါ်၊ ၂၀၁၉ ခုနှစ်

---

*၂၀၁၉ ခုနှစ်တွင် တနေးချား (နဘူး) မြို့နယ်နှင့် တာကရဲ့ (ပိုင်ကြုံ) မြို့နယ်တို့တွင် လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့မှ အခြားလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့နှင့်ပူးပေါင်းပြီး လောင်းကစားရုံများအား ၎င်းတို့၏ရန်ပုံငွေရှာရန် ရည်ရွယ်ချက်ဖြင့် ဆောက်လုပ်ခဲ့ပါသည်။ လောင်းကစားလုပ်ငန်းများကြောင့် အချို့ရွာများတွင် လူမှုရေးပြဿနာများ၊ ခိုးမှုနှင့် အိမ်တွင်းအကြမ်းဖက်မှုများ တိုးများလာပါသည်။ ဒေသခံရွာသားများသည် လူငယ်များ လောင်းကစားလုပ်၍ ၎င်းတို့၏အနာဂတ်ပျက်စီးသွားမည်ကို စိုးရိမ်ကြသဖြင့် လောင်းကစား လုပ်ငန်းများကို ရပ်တန့်စေချင်ကြပါသည်။ သို့သော် ရွာသားများသည် လောင်းကစားလုပ်ငန်းကို ဦးစီးပါဝင် လုပ်ဆောင်သည့် လက်နက်ကိုင်အဖွဲ့တို့ကို ဆန့်ကျင်ပြောဆိုရန်အတွက် မဝံ့မရဲဖြစ်နေကြပါသည်။[1]*

---

## တနေးချားမြို့နယ်

၂၀၁၉ ခုနှစ်တွင် ထို့ကော်ကိုးကျေးရွာအုပ်စုရှိ ထို့ကော်ကိုးကျေးရွာနှင့် တဝဲဒါးကျေးရွာကြားတွင် လောင်းကစားရုံနှစ်ရုံအား လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ အခြားသောလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့နှင့် ပူးပေါင်းဆောက်လုပ်ခဲ့ကြပြီး ထိုလောင်းကစားရုံများကို ၎င်းတို့မှဦးစီးပြီး လုပ်ငန်းလည်ပတ်မှုပြုလုပ်ကြပါသည်။ ထိုလောင်းကစားသည် ငါးပစ်လောင်းကစားစက်ပစ္စည်းဖြစ်ပြီး အဆိုပါရုံနှစ်ရုံကို ကပ်လျှက်ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။

---

[1] ဤအစီရင်ခံစာသည် ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ တွင်ရရှိသောအကြောင်းအရာ၌ အခြေပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးသော ကွင်းမှလူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဘားအံခရိုင်ရှိ ဒေသခံတစ်ဦးမှ ဖေါ်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓါတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရတည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်းရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများထည့်သွင်းထားခြင်းဖြစ်သည်။

တဝဲဒါးကျေးရွာရှိ ရွာသားအများစုနှင့် အခြားသောနေရပ်များမှလူများသည် ထိုလောင်းကစားရုံနှစ်ရုံတွင် သွားရောက်ကစားကြပါသည်။ လောင်းကစား ကစားကြသူအများစုသည် လူငယ်များဖြစ်ကြပါသည်။ ကျေးရွာလူကြီးနှင့် ၎င်းတို့၏မိဘများသည် လောင်းကစားလုပ်ငန်းလှည့်ပတ်ခြင်းကို မနှစ်သက်ကြသော်လည်း လက်နက်ကိုင်အဖွဲ့မှ ဦးစီးဖွင့်လှစ်ထားခြင်းဖြစ်သောကြောင့် ဆန့်ကျင်ပြောဆိုရန်အတွက် မဝံ့မရဲဖြစ်ကြပါသည်။ လောင်းကစားသူ လူငယ်များသည် လောင်းကစားလုပ်ရန်အတွက်ငွေ သို့မဟုတ် လောင်းကစား အကြွေးဆပ်ရန်အတွက် ဆိုင်ကယ်၊ ဖုန်းနှင့်အခြားသောပိုင်ဆိုင်မှုများကို ပေါင်ရလေ့ရှိသည်။ ထို့နောက် မိဘများမှအပေါင်ခံထားသောပစ္စည်းများကို ပြန်ရွေးပေးရသည်။ ဤကဲ့သို့သောဖြစ်စဉ်များကြောင့် ရွာသားများသည် အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။

ကိုင်ကလာကျေးရွာအုပ်စုရှိ ကိုင်ကလာကျေးရွာနှင့် နို့ဝ့ါခလီကျေးရွာတို့တွင် လောင်းကစားရုံတစ်ရုံစီရှိပါသည်။ ထိုလောင်းကစားရုံများကို ၂၀၁၇ ခုနှစ်တွင် ဆောက်လုပ်ထားခြင်းဖြစ်ပါသည်။ လောင်းကစားလုပ်ငန်းများသည် ဒေသခံမိသားစုတွင်း ပဋိပက္ခဖြစ်စေကြောင်း ဇ---ကျေးရွာရှိ ရွာသားတစ်ဦးမှ ဤကဲ့သို့ ရှင်းပြခဲ့ပါသည်။ *"အချို့မိသားစုတွေမှာ ဇနီးသည်၊ ခင်ပွန်းသည်တွေနဲ့ ကလေးတွေက တစ်ယောက် စကားတစ်ယောက်နားမထောင်ကြတော့ဘူး။ ဒ့ါအပြင် မိသားစုတွင်း စကားများရန်ဖြစ်တာတွေရှိလာတယ်။ အချို့အိမ်ထောင်သည်တွေဆို ကွာရှင်းတဲ့အထိတောင်ဖြစ်လာတယ်။ ဒီလိုပြဿနာတွေက လောင်းကစားလုပ်ကြလို့ဖြစ်တာ။"*

ထို့ကော်ကိုးကျေးရွာအုပ်စုရှိ ကျော်တိုကျေးရွာနှင့် တဝဲဒါးကျေးရွာတို့တွင်လည်း လောင်းကစားအဆောက်အဦးတစ်ရုံစီရှိပါသည်။ နို့ထာဘောကျေးရွာအုပ်စုရှိ နို့ထာဘောနှင့် ထီးဂရူ့ကျေးရွာကြား၌လည်း လောင်းကစားရုံတစ်ရုံရှိပါသည်။

လောင်းကစားလုပ်ငန်းများကြောင့် ခိုးမှုနှင့် အိမ်တွင်းအကြမ်းဖက်မှုများ ဒေသတွင်း ပို၍တိုးများလာပါသည်။ ရွာသားများသည် လောင်းကစားရုံများ ၎င်းတို့၏ဒေသတွင် တည်ရှိခြင်းကို မနှစ်သက်ကြသော်လည်း ဘာမျှမတတ်နိုင်ကြပါ။ ထိုလောင်းကစားရုံများအား လက်နက်ကိုင်အဖွဲ့နှစ်ဖွဲ့မှ ပူးပေါင်းလုပ်ဆောင်နေခြင်းဖြစ်သောကြောင့် မိမိတို့၏ နေရာဒေသအတွင်း တည်ရှိနေမှုအပေါ် ဖွင့်ဟပြောဆိုရန်ကြောက်ရွံ့ကြပါသည်။





ဖော်ပြထာပါဓာတ်ပုံများကို ၂၀၁၉ခုနှစ် နွေရာသီအတွင်း ဘားအံခရိုင်၊ တနေးဆားမြို့နယ်တွင်ရှိသော လောင်းကစားအဆောက်အဦးတစ်ခု၏အတွင်းတွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ပုံတွင် ရွာသားများ ငါးပစ်ဂိမ်းကစားနေပုံကို ဖော်ပြထားသည်။ *(ဓာတ်ပုံ - KHRG)*

**တာကရဲ့မြို့နယ်**

၂၀၁၉ ခုနှစ် နွေရာသီတွင် နို့ကွီးကျေးရွာအုပ်စုရှိ က--- ကျေးရွာတွင် ရင်းနှီးမြုပ်နှံသူများနှင့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ငါးပစ်လောင်းကစားစက်များအား သွားရောက်ထားရှိခဲ့ပါသည်။ ထိုကျေးရွာရှိ ရွာလူကြီးသည် ထိုကဲ့သို့ လောင်းကစားနေရာချထားခြင်းကြောင့် ကလေးများ၏အနာဂတ်အတွက် စိုးရိမ်ပြီး ဒေသခံရွာသားများနှင့် ကျေးရွာအုပ်စုမှူးအပါအဝင် ညှိနှိုင်းဆွေးနွေးခြင်းအစည်းအဝေးကို ၂၀၁၉ ခုနှစ် နွေရာသီအချိန်တွင် ပြုလုပ်ခဲ့ပါသည် (စည်းဝေးပြုလုပ်သည့် ရက်စွဲအတိအကျကို ကရင်လူ့အခွင့်အရေးအဖွဲ့မှ မသိရှိရပါ)။ ကျေးရွာလူကြီးနှင့် ရွာသားများမှ လောင်းကစားရုံဆောက်လုပ်ခြင်းလုပ်ငန်းများကို မလိုလားသော်လည်း ကျေးရွာအုပ်ချုပ်ရေးမှူးသည် ဆန့်ကျင်ခြင်းတစ်စုံတစ်ရာမျှ မရှိခဲ့ပေ။

ထိုလက်နက်ကိုင်အဖွဲ့တစ်ဖွဲ့မှ ထိုဒေသအတွင်းတွင် လောင်းကစားရုံတစ်ရုံ ဆောက်လုပ်ရန်တောင်းဆိုခဲ့ပြီး အချိန်တိုတောင်းစွာဖွင့်လှစ်မည်ဟု ဒေသတွင်း ကရင်အမျိုးသားအစည်းအရုံး (ကေအန်ယူ) တာဝန်ရှိသူများကိုပြောခဲ့သောကြောင့် ခွင့်ပြုချက်ရရှိခဲ့သည်။ လောင်းကစားရုံသည် သေးသဖြင့် အစပိုင်းတွင် လက်နက်ကိုင်အဖွဲ့များသည် လောင်းကစားရုံကြီးတစ်ရုံအား ဆောက်လုပ်ချင်ခဲ့ကြပါသည်။ ရွာသူကြီးမှ ရွာသားများကိုလောင်းကစားမလုပ်ရန် သတိပေးခဲ့သောကြောင့် ထိုလောင်းကစားရုံတွင် ဖွင့်လှစ်သည့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ တပ်သားများသာ လောင်းကစားလုပ်ကြသည်။ ထိုလောင်းကစားရုံသည် ဝင်ငွေမကောင်းသောကြောင့် ဖွင့်လှစ်သည့်လက်နက်ကိုင်အဖွဲ့မှ ပိတ်ပစ်ချင်ကြသော်လည်း ဆက်လက်ဖွင့်ထားဆဲရှိနေပါသည်။

**ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း**

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG)သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို မှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေးချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသော အစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏လုပ်ငန်းများကို ပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။